မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ

လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ

ဝင်စာတင်ပြလွှာ

ကုမ္ပဏီအမည် Sein Hinn Co., Ltd.

(ပဲခူးတိုင်းဒေသကြီး)

တင်ပြသည့် လုပ်ငန်း ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း

ဖ - ၁၄/၀၂

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၃၀.၁.၂၀၁၄	ပြည်ထဲရေး အပေါ်စာဖြင့် တင်ပြလာခြင်းကို Check list ဖြင့် စိစစ်ပြီး လက်ခံရရှိသည်။	
၃.၂.၂၀၁၄	PAPRD ထံ သဘောထားတောင်းရန်ပြုစုပါသည်။	
၄.၂.၂၀၁၄	PAT အဖွဲ့ဝင်များသို့ ကြိုတင်ဖြန့်ဝေသည့်စာပြုစုသည်။ Company ဌာနခွဲသို့ စိစစ်ပေးရန် ပေးပို့သည်။ ပတ်ဝန်းကျင်၊ ဟိုတယ်/ခရီး၊ ပဲခူးတိုင်းဒေသကြီးသို့ သဘောထားတောင်းရန်ပြုစုပါသည်။ PAPRD နှင့် PAT အဖွဲ့ဝင်များသို့ ကြိုဖြန့်သည်။	
၅.၂.၂၀၁၄	သဘောထားတောင်းသည့်စာချော ထွက်ရှိသည်။ Company ဌာနခွဲမှ မှတ်ပုံတင်လက်မှတ် မှန်ကန်ကြောင်း ပေးပို့သည်။	သဘောထားတောင်းသည့်စာများ Co. သို့ Fax ပို့ပေးသည်။
၈.၂.၂၀၁၄	(၆.၂.၁၄) ရက်စွဲပါစာဖြင့် PAPRD မှ သဘောထားစာရရှိသည်။	
၁၀.၂.၂၀၁၄	ကုမ္ပဏီမှ PAT (၆/၂၀၁၄) နှင့် PAT (၇/၂၀၁၄) တို့၌ ဆွေးနွေးနိုင်ခြင်း၊ ရှင်းလင်းရန် လာရောက်ပြသနိုင်ခြင်း မရှိသေးပါသဖြင့် ခွင့်ပန်ကြားစာ တင်ပြပါသည်။ PAT ၈/၂၀၁၄ ၌ လာရောက်မည်ဖြစ်ပါသည်။	
၁၄.၂.၂၀၁၄	PAT Memo စာကြမ်းတင်သည်။	
၁၇.၂.၂၀၁၄	PAT Memo စာချောတင်သည်။	

Coor doc

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ
လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ
ဝင်စာတင်ပြလွှာ

ကုမ္ပဏီအမည် --

တင်ပြသည့် လုပ်ငန်း --

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၁၇.၂.၂၀၁၄	မက်ဝန်းကျင်၊ ဟိုတယ်/ခရီး၊ ပဲခူးတိုင်း ဒေသကြီး Reminder သဘောထားတောင်းစာများ ပြုစုသည်။	
၁၈.၂.၂၀၁၄	PAT Memo စာချောရရှိသည်။	
၂၀.၂.၂၀၁၄	(၉/၂၀၁၄) PAT မှတ်တမ်း ကောက်ကြောင်း ပြုစုသည်။	
၁၉.၂.၂၀၁၄	ဟိုတယ်ခရီးမှ သဘောထားပြန်ကြားစာရရှိသည်။	
၂၇.၂.၂၀၁၄	PAT (decision) ကို ညွှန်ချုပ် (တွေ/ကုပ်) နှင့် Co သို့ Fax ဖြင့်ပေးပို့သည်။	
၂၈.၂.၂၀၁၄	ဟိုတယ်/ခရီး၏ သဘောထားမှတ်ချက်နှင့် ကူညီပြန်လည်ပြင်ဆင်တင်ပြရန် Co သို့ Fax ဖြင့်ပေးပို့သည်။	
၁၀.၃.၂၀၁၄	(၅.၃.၂၀၁၄) ဖြင့် မက်ဝန်းကျင်မှ သဘောထားစာရရှိသည်။	
၁၂.၃.၂၀၁၄	တိုင်းဒေသကြီးသို့ ဒုတိယအကြိမ် Remider ထုတ်သည်။	
၁၃.၃.၂၀၁၄	မက်ဝန်းကျင်မှ သဘောထားနှင့်ကူညီပြန်လည် တင်ပြရန် ပြုစုသည်။	
၁၇.၃.၂၀၁၄	" " " စာချောထွက်ရှိသည်။	
၁၉.၃.၂၀၁၄	IEE နှင့် EMP ကို Third Party ဖြင့်ရေးဆွဲတင်ပြသည့် ဝန်ခံကတိစာရရှိသည်။	
၂၀.၃.၂၀၁၄	PAT decision နှင့်ကူညီပြန်လည်တင်ပြရန် Remider ထုတ်သည့်စာကြမ်းပြုစုသည်။	

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဌာနခွဲ

လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ

ဝင်စာတင်ပြလွှာ

ကုမ္ပဏီအမည် ---

တင်ပြသည့် လုပ်ငန်း ---

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၂၁.၃.၂၀၁၄	(၂၀.၃.၂၀၁၄)ရက်စွဲပါစာဖြင့် ပဲခူးတိုင်းဒေသကြီးမှ သဘောထားစာရရှိသည်။	
၂၁.၃.၂၀၁၄	MIC Memo (စာကြမ်း)ပြုစုသည်။	
၂၅.၃.၂၀၁၄	PAT decision အရပြန်လည်ပြင်ဆင်ရန်တင်ပြရန် Reminder ထုတ်သည်။	
၂၈.၃.၂၀၁၄	PAPRD သို့ ထပ်မံရယူသည့်သဘောထားကောင်းမှုနှင့်(စာကြမ်း)ပြုစုသည်။ ညွှန်ကြားရေးမှူး၏ တွင်စာချုပ်တွက်ရှိသည်။	
၃၁.၃.၂၀၁၄	MIC Memo (စာကြမ်း)တင်သည်။	
၃.၄.၂၀၁၄	(စာကြမ်း)ပြင်ဆင်ရန်ထပ်မံပြုစုတင်ပြသည်။	
၅.၄.၂၀၁၄	DG မှ စာချုပ်တွင် လက်မှတ်ရေးထိုးသည်။	
၇.၄.၂၀၁၄	MIC Memo (စာချုပ်) ဖိုင်တွဲသည်။	
၁၀.၉.၂၀၁၄	MIC (၁၂/၂၀၁၄)(၁၀.၉.၂၀၁၄)အစည်းအဝေးသို့တင်ပြသည်။	
၁၁.၉.၂၀၁၄	Permit နှင့်အမိန့်ကြော်ငြာစာ(စာကြမ်း)ပြုစုသည်။	
၁၁.၁၀.၂၀၁၄	IEE Report အား ပတ်ဝန်းကျင်သို့ပေးပို့သည်။	
၁၁.၂.၂၀၁၅	Permit နှင့်အမိန့်ကြော်ငြာစာ (စာကြမ်း)ပြုစုသည်။	
၅.၃.၂၀၁၅	DG မှ ဥက္ကဋ္ဌထံသို့ ခွင့်ပြုမိန့်နှင့်အမိန့်ကြော်ငြာစာတို့အား လက်မှတ်ရေးထိုးတင်ပြသည်။	

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၁၀.၃.၂၀၁၇	ဥက္ကဋ္ဌ မှ လက်မှတ်ရေးထိုးသည်။	
၂၀.၃.၂၀၁၇	ရင်းနှီး/ကြီးကြပ်သို့ အဆိုပြုချက်၊ ခွင့်ပြုမိန့်နှင့်အမိန့်ကြော်ငြာ MIC Memo (၁)စုံစီလွှဲပြောင်းရန်ပြုစုသည်။	
၂၄.၃.၂၀၁၇	ရင်းနှီး/ကြီးကြပ်သို့ ပေးပို့သည်။	
၁၉.၅.၂၀၁၇	〃 〃 သို့ BOT စာချုပ် (၃)စုံ ပေးပို့သည်။	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထဲရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ပထရ/ ၂-၃ (၂၀၀၅)/ ထောက် ၂

ရက် စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **ပတ်ဝန်းကျင်ဆိုင်ရာကနဦးလေ့လာခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာပေးပို့တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၆ (က)/မ-၁၄၀၁/၂၀၁၄ (၂၉၁၂)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၆၅)၊ မြေကွက်အမှတ် (၄၇) D/၈B၊ မြေ(၁.၆၅၂)ဧကရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့် အဆောက်အဦ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ်(င/၆)၊ မြေ(၀.၈၇၄)ဧကရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦအား Sein Hnin Co.,Ltd မှ BOT စနစ်ဖြင့် ငှားရမ်း၍ အဆင့်မြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြထားပြီး ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်း(၂)ခုအတွက် ပတ်ဝန်းကျင်ဆိုင်ရာကနဦးလေ့လာခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာအား လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ပါရန် ပေးပို့အပ်ပါသည်။

ပူးတွဲ - အစီရင်ခံစာစာအုပ်(၂)အုပ်

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ပြုံးချို၊ ရုံးအဖွဲ့မှူး)

မိတ္တူကို

လက်ခံ/ မျှော/ စာတွဲ

အဖွဲ့ခွဲ (၃)2014PC1 D WLH General 497

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊သစ္စာလမ်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့

Myanmar Investment Commission
ဖက်စ်(စ) ၀၁-၆၅၈၁၃၇

စာအမှတ်၊ရက-၄/မ- ၁၄၀၁/၁၄၀၂/၂၀၁၄(၂၄၃-က)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် အောက်တိုဘာ လ ၁၁ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

အကြောင်းအရာ ။ **Sein Hinn Co., Ltd. မှ ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination - IEE)တင်ပြခြင်း ကိစ္စ**

ရည်ညွှန်းချက် ။
(၁) ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ (၁၁-၃-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၂/၂၂၀(ခ)(၆)/ (၁၇၆၀/၂၀၁၄) နှင့်(၅-၃-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၂/၂၂၀(ခ)(၆)/(၁၅၈၁/၂၀၁၄)
(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၇-၃-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ရက-၆(က)/မ-၁၄၀၁/၂၀၁၄(၂၉၁၂) နှင့် (၁၇-၃-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ရက-၆(က)/မ-၁၄၀၂/၂၀၁၄(၂၉၁၃)
(၃) ပြည်ထဲရေး ဝန်ကြီးဌာန၏ (၂၃-၉-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃(၃၀၁၈)/ထောက်၂

၁။ Sein Hinn Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ဆရာစံလမ်း၊ အမှတ်(၆၅) မြေကွက်အမှတ် (၄၇) D/၈B၊ မြေ(၁.၆၅၂)ဧကရှိ မြေနှင့်အဆောက်အဦ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉-က) ရုံးကြီး အကွက်၊ မြေကွက်အမှတ် (င/၆)၊ မြေ (၀.၈၇၄)ဧကရှိ မြေနှင့် RC(၂)ထပ် အဆောက်အဦကို B.O.T စနစ်ဖြင့်ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမျိုးဆွေ (အဘ-ဦးကြင်ဝမ်)မှ ပြည်ထဲရေး ဝန်ကြီးဌာန မှတစ်ဆင့် အဆိုပြုချက် တင်ပြခြင်း နှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထား တောင်းခံခဲ့ရာ ရည်ညွှန်း(၁)ပါစာ ဖြင့် သဘောထား ပြန်ကြားချက်အား ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီသို့ ရည်ညွှန်း(၂)ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ ယခုအခါ ကုမ္ပဏီမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားနှင့်အညီ ရေးဆွဲထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination - IEE)အား ပြည်ထဲရေး ဝန်ကြီးဌာန မှတစ်ဆင့် ရည်ညွှန်း(၃)ပါ စာဖြင့် ပေးပို့လာပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားနှင့်အညီ ရေးဆွဲထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial

Environmental Examination - IEE)အား လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ပါရန် ပေးပို့အပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို-

ပြည်ထောင်စုဝန်ကြီးရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
Sein Hinn Co., Ltd.
ရုံးလက်ခံ / မျှောစာတွဲ

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်

အကြောင်းအရာ။ **Sein Hinn Co., Ltd. မှ ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination - IEE)တင်ပြခြင်း ကိစ္စ**

၁။ Sein Hinn Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ဆရာစံလမ်း၊ အမှတ် (၆၅) မြေကွက်အမှတ် (၄၇) D/၈B၊ မြေ(၁.၆၅၂)ဧကရှိ မြေနှင့်အဆောက်အဦ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ် (င/၆)၊ မြေ (၀.၈၇၄)ဧကရှိ မြေနှင့် RC(၂) ထပ် အဆောက်အဦကို B.O.T စနစ်ဖြင့်ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမျိုးဆွေ (အဘ-ဦးကြင်ဝမ်)မှ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြခြင်း နှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထား တောင်းခံခဲ့ရာ သဘောထား ပြန်ကြားချက်အား ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီသို့ အကြောင်းကြားခဲ့ပါသည်။

၂။ ယခုအခါ ကုမ္ပဏီမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားနှင့်အညီ ရေးဆွဲထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination - IEE)အား ပြည်ထဲရေး ဝန်ကြီးဌာန မှတစ်ဆင့် ပေးပို့လာပါသည်။

၃။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားနှင့်အညီ ရေးဆွဲထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination - IEE)အား လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ပါရန် ပေးပို့မည့် (စာချော) တွင် လက်မှတ်ရေးထိုးပေးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

7/10/14

(အေးမွန်စိုး)
ဒုတိယဦးစီးမှူး

ဦးစီးအရာရှိ

၃။ ကုမ္ပဏီမှ ပေးပို့သည့် IEE အစီရင်ခံစာ အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပေးပို့မည့် (စာချော)အား စိစစ်တင်ပြအပ်ပါသည်။

9.10.2014

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ညွှန်ကြားရေးမှူး

၄။ [illegible] IEE report [illegible] [illegible] [illegible]

[illegible] ၉/၁၀ ([illegible])

ဒုတိယညွှန်ကြားရေးမှူးချုပ်

၅။ [illegible] [illegible]

[illegible]

[illegible]

[illegible] ၁၁/၁၀

[illegible] ၁၁/၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

နောက်ဆက်တွဲ (ခ)

N. 267
3-4-14

စာအမှတ် ၂/၂၂၀ (ခ) (၆)/(၁၇၆၀ /၂၀၁၄)
ရက်စွဲ ၂၀၁၄ ခုနှစ်၊ မတ် လ ၁၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>Sein Hinn Co., Ltd မှ B.O.T စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ</u>

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၄-၂-၂၀၁၄ ရက်စွဲပါစာအမှတ်- ရက - ၆ (က) / မ - ၁၄၀၁ / ၂၀၁၄ (၁၂၃၁-ခ)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Sein Hinn Co., Ltd သည် ရန်ကုန်းတိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ မြေကွက်အမှတ် (၄၇) D / ၈ B၊ မြေ (၁.၆၅၂)ကေရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေ နှင့် အဆောက်အဦအား ငှားရမ်း၍ B.O.T စနစ်ဖြင့် အဆင့်မြှင့်ပြုပြင်၍ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်တည်ဆောက်ခြင်း၊ အထပ်(၆)ထပ် အဆောက်အဦကို ထပ်မံတည်ဆောက်၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာသဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့် အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံခွင့်လျှောက်ထားခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်၊ ဆောက်လုပ်မည့်ဟိုတယ်မှာ (၆)ထပ် အဆောက်အဦ၊ အခန်း (၁၁၉) ခန်းပါ ရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့အကြား BOT စနစ်ဖြင့်ငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း)၊ မြေပုံမိတ္တူ၊ ဆောက်လုပ်မည့် အဆောက်အဦပုံစံ၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းများလုပ်ငန်းခွင်သာယာရေးနှင့် သက်သာချောင်ချိရေးအစီအစဉ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် သန့်စင်ခန်းများ အလုံအလောက်ထားရှိခြင်း၊ အမှိုက်ပုံးများထားရှိခြင်း၊ ဟိုတယ်ပတ်ဝန်းကျင်အား သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများကို အနံ့အသက်များမရှိစေရန် ရေစီးရေလာကောင်းမွန်အောင် အမြဲပြုလုပ်မည်ဖြစ်ကြောင်း၊ ဟိုတယ်အတွင်းမှ ထွက်ရှိလာသော အမှိုက်များကိုလည်း စနစ်တကျစွန့်ပစ်မည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်း လည်ပတ်ချိန်၌ ဖြစ်ပေါ်လာမည့်အနံ့ဆိုးများ ပျောက်ကင်းစေရန် အငွေ့စုပ်သည့်အပင်များ စိုက်ပျိုးထားရှိမည်ဖြစ်ကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ချမှတ်

ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ လုပ်ငန်းလည်ပတ်ချိန်၌ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း၊ အငွေ့၊ အနံ့၊ အသံ စသည်တို့အား ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် စနစ်တကျထိန်းသိမ်းဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များအား ရေးဆွဲထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ဟိုတယ်လုပ်ငန်းလည်ပတ်ချိန်၌ ဟိုတယ်အခန်းများမှ ထွက်ရှိလာမည့် စွန့်ပစ်ရေဆိုး၊ မိလ္လာရေဆိုးများအား စနစ်တကျစွန့်ပစ်ခြင်းမပြုဘဲ ပတ်ဝန်းကျင်ရှိ မြစ် / ချောင်း / အိုင်များ အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ပါက မြေထုနှင့်ရေထု ညစ်ညမ်းနိုင်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စားသောက်ခန်း၊ ဘား၊ မီးဖိုဆောင်မှထွက်ရှိလာမည့် အစားအသောက် အညစ်အကြေးများ၊ ပတ်ဝန်းကျင်တွင် ဆွေးမြေ့ရန် အချိန်ကြာမြင့်သည့် ပလတ်စတစ်နှင့် ကျွတ်ကျွတ်အိတ် ကဲ့သို့ အမှိုက်များအား စနစ်တကျမစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါ သည်။

၄။ သို့ဖြစ်ပါ ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Sein Hinn Co., Ltd သည် ရန်ကုန်တိုင်း ဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ မြေကွက်အမှတ် (၄၇) D / ၈ B၊ မြေ (၁.၆၅၂)ဧကရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေ နှင့် အဆောက်အဦအား ငှားရမ်း၍ B.O.T စနစ်ဖြင့် အဆင့်မြင့်ပြုပြင်၍ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်တည်ဆောက်ခြင်း၊ အထပ်(၆)ထပ် အဆောက် အဦကို ထပ်မံတည်ဆောက်၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ ဌာနဆိုင်ရာသဘောထား မှတ်ချက်အား အောက်ပါအတိုင်း ပြန်ကြားအပ်ပါသည်-

(က) ဟိုတယ်အား ပြန်လည်မွမ်းမံ ပြင်ဆင်နေစဉ်ကာလအတွင်း ပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေမည့်မိလ္လာအညစ်အကြေး စွန့်ပစ်သည့်နည်းစနစ်၊ ရေဆိုးနှင့် အညစ်အကြေးများပြန်လည် သန့်စင်သည့်နည်းစနစ်၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုသက်သာစေမည့် သဘာဝအလင်းပေးစနစ်နှင့် လေအေးပေးစက်သုံးစွဲမှု သက်သာစေမည့်နည်းစနစ်များ ထည့်သွင်းရန်၊

(ခ) ဟိုတယ်နှင့်ဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်နှင့် စွန့်ပစ်အဆီများအား ပတ်ဝန်းကျင်ရှိ မြစ်/ချောင်းများအတွင်းသို့ တိုက်ရိုက်မစွန့်ပစ်ဘဲ စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းနှင့် အညီ သန့်စင်ပြီးမှစွန့်ပစ်ရန်နှင့် စွန့်ပစ်အဆီ / အရည် / ပစ္စည်းများ စီမံခန့်ခွဲမှု အစီအမံများ၊ စီမံချက်များ ရေးဆွဲထားရန်၊

(ဂ) ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းမှ စွန့်ပစ်အမှိုက်ထွက်ရှိမှု လျော့နည်းစေရန် အတွက် လျှော့ချသည့် နည်းလမ်း (Reduce)၊ စွန့်ပစ်အမှိုက်များမှ စွန့်ပစ် ပစ္စည်းအချို့အား ပြန်လည်အသုံးပြုမည့် နည်းလမ်း (Reuse)နှင့် စွန့်ပစ် အမှိုက်

များအား ပြန်လည်အသုံးပြုမည့် နည်းလမ်း (Recycle)များအသုံးပြု၍ နေ့စဉ်ထွက်ရှိသည့် အမှိုက်ပမာဏလျော့နည်းစေမည့် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် ကျန်းမာရေး ထိခိုက်မှုများ လျော့နည်းစေရန်အတွက် လုပ်ငန်းအကောင်အထည်မဖော်မီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) အရ လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination-IEE) လုပ်ငန်းကို ဆောင်ရွက်ရန်၊

(င) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်ပင်သာယာရေးဥပဒေ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ချမှတ်ထားသော ဥပဒေ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

21/2

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုး ညွန့်၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ - ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(13)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

.242
၁.၃.14

စာအမှတ် ၂/၂၂၀ (ခ) (၆) / (၁၅၈၁ / ၂၀၁၄)
ရက်စွဲ ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်

သို့
/ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ Sein Hinn Co., Ltd မှ B.O.T စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၄-၂-၂၀၁၄ ရက်စွဲပါစာအမှတ်- ရက -၆ (က) / မ - ၁၄၀၂ / ၂၀၁၄ (၁၂၃၁-င)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Sein Hinn Co., Ltd သို့ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉) ရပ်ကွက်၊ ဆရာစံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၆)၊ မြေ(၀.၈၇၄)ဧကရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေနှင့် အဆောက်အဦအားငှားရမ်း၍ B.O.T စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာသဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့်အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်အဆိုပြုချက်၊ ကနဦးနှစ် (၃၀)ငှားရမ်း၍ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထပ် (၂) ထပ်၊ အခန်းပေါင်း (၂၀) ခန်းပါဝင်သည့် ဟိုတယ်အဖြစ်တိုးချဲ့ပြုပြင်မွမ်းမံတည်ဆောက်မည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့အကြား BOT စနစ်ဖြင့်ငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း)၊ မြေပုံမိတ္တူ၊ ဆောက်လုပ်မည့် အဆောက်အဦပုံစံ၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းများလုပ်ငန်းခွင်သာယာရေးနှင့် သက်သာချောင်ချိရေးအစီအစဉ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် သန့်စင်ခန်းများ အလုံအလောက်ထားရှိခြင်း၊ အမှိုက်ပုံးများထားရှိခြင်း၊ ဟိုတယ်ပတ်ဝန်းကျင်အား သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများကို အနံ့အသက်များမရှိစေရန် ရေစီးရေလာကောင်းမွန်အောင် အမြဲပြုလုပ်မည်ဖြစ်ကြောင်း၊ ဟိုတယ်အတွင်းမှ

ထွက်ရှိလာသော အမှိုက်များကိုလည်း စနစ်တကျစွန့်ပစ်မည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းလည်ပတ်ချိန်၌ ဖြစ်ပေါ်လာမည့်အနံ့ဆိုးများ ပျောက်ကင်းစေရန် အငွေ့စုပ်သည့် အပင်များ စိုက်ပျိုးထားရှိမည်ဖြစ်ကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ လုပ်ငန်းလည်ပတ်ချိန်၌ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း၊ အငွေ့၊ အနံ့၊ အသံ စသည်တို့အား ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် စနစ်တကျထိန်းသိမ်းဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များအား ရေးဆွဲထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ဟိုတယ်လုပ်ငန်းလည်ပတ်ချိန်၌ ဟိုတယ်အခန်းများမှ ထွက်ရှိလာမည့် စွန့်ပစ်ရေဆိုး၊ မိလ္လာရေဆိုးများအား စနစ်တကျစွန့်ပစ်ခြင်းမပြုဘဲ ပတ်ဝန်းကျင်ရှိ မြစ်/ချောင်း/အိုင်များအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ပါက မြေထုနှင့်ရေထု ညစ်ညမ်းနိုင်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စားသောက်ခန်း၊ ဘား၊ မီးဖို ဆောင်မှထွက်ရှိလာမည့်အစားအသောက် အညစ်အကြေးများ၊ ပတ်ဝန်းကျင်တွင် ဆွေးမြေ့ရန်အချိန်ကြာမြင့် သည့် ပလတ်စတစ်နှင့် ကျွတ်ကျွတ်အိတ်ကဲ့သို့ အမှိုက်များအား စနစ်တကျမစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါ သည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Sein Hinn Co., Ltd သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉) ရပ်ကွက်၊ ဆရာစံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၈/၆)၊ မြေ(၀.၈၇၄)ဧကရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေနှင့် အဆောက်အဦအားငှားရမ်း၍ B.O.T စနစ်ဖြင့် နိုင်ငံတကာအဆင့်မီဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ ဌာနဆိုင်ရာ သဘောထားမှတ်ချက်ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) ဟိုတယ်အားပြန်လည်မွမ်းမံ ပြင်ဆင်နေစဉ်ကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေမည့်မိလ္လာအညစ်အကြေး စွန့်ပစ်သည့်နည်းစနစ်၊ ရေဆိုးနှင့် အညစ်အကြေးများ ပြန်လည်သန့်စင်သည့်နည်းစနစ်၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုသက်သာစေမည့် သဘာဝအလင်းပေးစနစ်နှင့် လေအေးပေးစက်သုံးစွဲမှုသက်သာစေမည့်နည်းစနစ်များ ထည့်သွင်းရန်၊

(ခ) ဟိုတယ်နှင့်ဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်နှင့် စွန့်ပစ်အဆီများအား ပတ်ဝန်းကျင်ရှိ မြစ်/ချောင်းများအတွင်းသို့ တိုက်ရိုက်မစွန့်ပစ်ဘဲ စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းနှင့်

အညီ သန့်စင်ပြီးမှစွန့်ပစ်ရန်နှင့် စွန့်ပစ်အဆီ/ အရည်/ ပစ္စည်းများ စီမံခန့်ခွဲမှု အစီအမံများ၊ စီမံချက်များ ရေးဆွဲထားရန်၊

(ဂ) ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း မှ စွန့်ပစ်အမှိုက်ထွက်ရှိမှု လျော့နည်းစေရန် အတွက်လျှော့ချသည့် နည်းလမ်း (Reduce)၊ စွန့်ပစ်အမှိုက်များမှ စွန့်ပစ်ပစ္စည်းအချို့အား ပြန်လည်အသုံးပြုမည့် နည်းလမ်း(Reuse)နှင့် စွန့်ပစ်အမှိုက်များအား ပြန်လည်အသုံးပြုမည့် နည်းလမ်း(Recycle) များအသုံးပြု၍ နေ့စဉ်ထွက်ရှိသည့် အမှိုက်ပမာဏလျော့နည်းစေမည့် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်များ စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့်ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစီမံချက် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်ပင်သာယာရေးဥပဒေ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှချမှတ်ထားသော ဥပဒေ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(လက်မှတ်) ၆/၃

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုး ညွှန့် ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ - ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

Attn: ဒေါ်တင်တင်ဝင်း

ဦးတင်ဟန်း-09428122263

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်

ဖက်(စ်) ၉၅-၆၇-၄၀၆၁၆၁
☎ -၀၆၇-၄၀၆၁၃၉၉၊၄၀၆၁၆၁

စာအမှတ်၊ ရက- ၆(က)/မ-၁၄၀၁/၂၀၁၄(၂၉၁၂)
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် မတ် လ ၁၇ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ပြည်ထဲရေးဝန်ကြီးဌာန

အကြောင်းအရာ ။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြရန်ကိစ္စ**

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄-၂-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ရက-၆(က)/မ-၁၄၀၁/၂၀၁၄(၁၂၃၁-ခ)

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ (၁၁-၃-၂၀၁၄) ရက်စွဲပါစာအမှတ်၂/၂၂၀(ခ)(၆)/(၁၇၆၀ /၂၀၁၄)

၁။ Sein Hinn Co., Ltd.သည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၆၅) မြေကွက်အမှတ် (၄၇)Dဧ၊B၊ မြေ(၁.၆၅၂) ဧကရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနပိုင် မြေနှင့်အဆောက်အဦအား B.O.T စနစ်ဖြင့် ငှားရမ်းပြီး အဆင့်မြှင့် ပြုပြင်၍ ကြယ်သုံးပွင့် အဆင့်ရှိ ဟိုတယ်တည်ဆောက်ခြင်း၊ ဈေးဆိုင်ခန်း(၄)ခန်းပါ Shop House တည်ဆောက်ခြင်း၊ အထပ်(၆)ထပ် အဆောက်အဦကို ထပ်မံတည်ဆောက်၍ ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထဲရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းကို ရည်ညွှန်း(၁)ပါစာဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ သဘောထား တောင်းခံခဲ့ပါသည်။

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ အဆိုပြုလုပ်ငန်း အပေါ် ရည်ညွှန်း(၂) ပါစာဖြင့် အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း သဘောထား ပြန်ကြားလာပါသည်-

(က) ဟိုတယ်အား ပြန်လည်မွမ်းမံ ပြင်ဆင်နေစဉ်ကာလအတွင်း ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေမည့် မိလ္လာအညစ်အကြေး စွန့်ပစ်သည့် နည်းစနစ်၊ ရေဆိုးနှင့် အညစ် အကြေးများ ပြန်လည် သန့်စင်သည့်နည်းစနစ်၊ လျှပ်စစ်ဓါတ်အား သုံးစွဲမှုသက်သာ စေမည့် သဘာဝ အလင်းပေးစနစ်နှင့် လေအေးပေးစက်သုံးစွဲမှု သက်သာစေမည့် နည်းစနစ်များ ထည့်သွင်းရန်။

(ခ) ဟိုတယ်နှင့်ဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည် နှင့် စွန့်ပစ်အဆီများအား ပတ်ဝန်းကျင်ရှိ မြစ်/ချောင်းများတွင်းသို့ တိုက်ရိုက်မစွန့်ပစ်

ဘဲ စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းနှင့်အညီ သန့်စင်ပြီးမှစွန့်ပစ်ရန်နှင့် စွန့်ပစ်အဆီ/အရည်/ပစ္စည်းများ စီမံခန့်ခွဲမှု အစီအမံများ၊ စီမံချက်များ ရေးဆွဲရန်။

(ဂ) ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းမှ စွန့်ပစ်အမှိုက်ထွက်ရှိမှု လျော့နည်းစေရန်အတွက် လျှော့ချသည့် နည်းလမ်း (Reduce)၊ စွန့်ပစ်အမှိုက်များမှ စွန့်ပစ်ပစ္စည်းအချို့အား ပြန်လည် အသုံးပြုမည့် နည်းလမ်း (Reuse) နှင့် စွန့်ပစ်အမှိုက်များအား ပြည်လည် အသုံးပြုမည့် နည်းလမ်း (Recycle) များ အသုံးပြု၍ နေ့စဉ်ထွက်ရှိသည့် အမှိုက်ပမာဏလျော့နည်းစေမည့် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်မှုများ လျော့နည်းစေရန်အတွက် လုပ်ငန်း အကောင်အထည် မဖော်မီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) အရ လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination-IEE) လုပ်ငန်းကို ဆောင်ရွက်ရန်။

(င) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်ပင်သာယာရေးဥပဒေ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ချမှတ်ထားသော ဥပဒေ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၂)ပါ အချက်များအား သိရှိနိုင်ပါရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်မည့် အစီအစဉ်များအား ကော်မရှင်သို့ ပြန်လည် တင်ပြပေးရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ချိုချိုဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

Sein Hinn Co., Ltd.

ရုံးလက်ခံ/ မှော်စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်

ဖက်(စ်) ၉၅-၆၇-၄၀၆၁၀၆၁
☎ -၀၆၇-၄၀၆၁၃၉၊၄၀၆၁၀၆၁

စာအမှတ်၊ ရက- ၆(က)/မ-၁၄၀၂/၂၀၁၄(၂၉၁၃)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် မတ် လ ၁၇ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ပြည်ထဲရေးဝန်ကြီးဌာန

အကြောင်းအရာ ။ **ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင် တင်ပြရန်ကိစ္စ**

ရည်ညွှန်းချက် ။ (၁) ပြည်ထဲရေးဝန်ကြီးဌာန၏ (၃၀-၁-၂၀၁၄) ရက်စွဲပါ စာအမှတ် ပထရ / ၂-၃ (၃၁၀၃)/ထောက်၅

(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄-၂-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ရက-၆(က)/မ-၁၄၀၂/၂၀၁၄(၁၂၃၀-င)

(၃) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ (၅-၃-၂၀၁၄) ရက်စွဲပါ စာအမှတ် ၂/ ၂၂၀(ခ)(၆)/(၁၅၈၀/ ၂၀၁၃)

၁။ Sein Hinn Co., Ltd.သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ်(င/၆)၊ မြေ (၀.၈၇၄)ဧကရှိ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေနှင့် အဆောက်အဦအား ငှားရမ်း၍ B.O.Tစနစ်ဖြင့် နိုင်ငံတကာ အဆင့်မီ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမျိုးဆွေ(အဘ-ဦးကြင်ဝမ်)မှ ပြည်ထဲရေး ဝန်ကြီးဌာနမှတစ်ဆင့် ရည်ညွှန်း(၁)ပါစာဖြင့် အဆိုပြုချက် တင်ပြလာခြင်းအား ရည်ညွှန်း(၂)ပါစာဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထား တောင်းခံခဲ့ပါသည်။

၂။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ အဆိုပြုလုပ်ငန်းအပေါ် ရည်ညွှန်း(၃)ပါစာဖြင့် အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထား ပြန်ကြားလာပါသည်-

(က) ဟိုတယ်အား ပြန်လည်မွမ်းမံပြင်ဆင်နေစဥ် ကာလအတွင်း ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေမည့် မိလ္လာအညစ်အကြေး စွန့်ပစ်သည့် နည်းစနစ်၊ ရေဆိုးနှင့် အညစ်အကြေးများပြန်လည်သန့်စင်သည့်နည်းစနစ်၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှု သက်သာစေမည့် သဘာဝအလင်းပေးစနစ်နှင့် လေအေးပေးစက် သုံးစွဲမှုသက်သာစေမည့်နည်းစနစ်များ ထည့်သွင်းရန်။

(ခ) ဟိုတယ်နှင့်ဝန်ဆောင်မှု လုပ်ငန်းများမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်နှင့် စွန့်ပစ်အဆီများအား ပတ်ဝန်းကျင်ရှိ မြစ်/ချောင်းများအတွင်းသို့ တိုက်ရိုက်

မစွန့်ပစ်ဘဲ စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းနှင့်အညီသန့်စင်ပြီးမှ စွန့်ပစ်ရန်နှင့် စွန့်ပစ်အဆီ/အရည်/ ပစ္စည်းများ စီမံခန့်ခွဲမှု အစီအမံများ၊စီမံချက်များ ရေးဆွဲထားရန်။

(ဂ) ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းမှ စွန့်ပစ်အမှိုက်ထွက်ရှိမှု လျော့နည်းစေရန်အတွက် လျှော့ချသည့် နည်းလမ်း(Reduce)၊ စွန့်ပစ်အမှိုက်များမှ စွန့်ပစ်ပစ္စည်းအချို့အား ပြန်လည် အသုံးပြုမည့်နည်းလမ်း(Reuse)နှင့် စွန့်ပစ်အမှိုက်များအား ပြန်လည် အသုံးပြုမည့် နည်းလမ်း(Recycle) များအသုံးပြု၍ နေ့စဉ်ထွက်ရှိသည့် အမှိုက် ပမာဏ လျော့နည်းစေမည့် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆိုင်ရာ ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်များ စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက် မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်(Environmental Management Plan-EMP) ရေးဆွဲ တင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(င) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ စည်ပင်သာယာရေးဥပဒေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ချမှတ်ထားသော ဥပဒေ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၂)ပါ အချက်များအား သိရှိနိုင်ပါရန်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့် အစီ အစဉ်များအား ကော်မရှင်သို့ ပြန်လည် တင်ပြပေးရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဌ(ကိုယ်စား)

(ချိုချိုဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ

ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန

Sein Hinn Co., Ltd.

ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ပထရ/၂-၃ (၂၈၈၅)/ ထောက် ၂
ရက် စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **ပတ်ဝန်းကျင်ဆိုင်ရာကနဦးလေ့လာခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာပေးပို့တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၆(က)/မ-၁၄၀၁/၂၀၁၄ (၂၉၁၂)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၆၅)၊ မြေကွက်အမှတ်(၄၇) D/၈B၊ မြေ(၁.၆၅၂)ဧကရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့် အဆောက်အဦ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ်(၈/၆)၊ မြေ(၀.၈၇၄)ဧကရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦအား Sein Hnin Co.,Ltd မှ BOT စနစ်ဖြင့် ငှားရမ်း၍ အဆင့်မြင့်ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြထားပြီးဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်း(၂)ခုအတွက် ပတ်ဝန်းကျင်ဆိုင်ရာကနဦးလေ့လာခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာအား လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ပါရန် ပေးပို့အပ်ပါသည်။

ပူးတွဲ - အစီရင်ခံစာစာအုပ်(၂)အုပ်

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ပြုံးချို၊ ရုံးအဖွဲ့မှူး)

မိတ္တူကို

လက်ခံ/ မျှော/ စာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

NPT-1466 MB-243/613
5.3.2015

စာအမှတ် ၂/၂၂၀(ခ)(၆)/(၁၅၈၇ /၂၀၁၅)
ရက်စွဲ ၂၀၁၅ခုနှစ်၊မတ်လ ၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်ပြန်ကြားခြင်း</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၁-၁၀-၂၀၁၄ရက်စွဲပါ စာအမှတ်၊ ရက-၄/မ- ၁၄၀၁/၂၀၁၄(၂၄၃-က)

၁။ Sein Hinn Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၆၅)၊ မြေကွက်အမှတ်(၄၇)၊ D/8B၊ မြေ (၁.၆၅၂) ဧကရှိ မြေနှင့်အဆောက်အဦနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၁၉ ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၉-က)၊ ရုံးကြီးအကွက်၊ မြေကွက်အမှတ်(၈/၆)၊ မြေ(၀.၈၇၄) ဧကရှိမြေနှင့် RC (၂)ထပ် အဆောက်အဦကို B.O.T စနစ်ဖြင့်ငှားရမ်း၍ အခန်း(၂၀)ပါဝင်သော Sein Hinn Hotel (Taungoo) နှင့် အခန်း (၁၁၉) ခန်းပါဝင်သော Sein Hinn Hotel (Yangon) တို့အတွက် ရေးဆွဲထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာများအား စိစစ်ပြီး ဌာနဆိုင်ရာ သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ Sein Hinn Hotel (Taungoo) ၏ IEE အစီရင်ခံစာတွင် အောက်ပါအချက်များ ဖော်ပြ ထားသည်ကို စိစစ်တွေ့ရှိရပါသည်-

(က) Sein Hinn Hotel (Taungoo) ၏ IEE အစီရင်ခံစာအား Green Myanmar Environmental Services Co., Ltd. မှရေးဆွဲဆောင်ရွက်ကြောင်း၊ ဟိုတယ်၏ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒမှာ Green Hotel Policy ဖြစ်ကြောင်း၊ IEE အစီရင်ခံစာတွင် အကျဉ်းချုပ် အစီရင်ခံစာ၊ စီမံကိန်းအကြောင်းအရာဖော်ပြချက်နှင့်ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ ၊ ပတ်ဝန်းကျင် ထိခိုက်နိုင်မှုများနှင့် လျော့နည်းစေရန် ဆောင်ရွက်မည့် အစီအစဉ်များ ၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်၊ နိဂုံးနှင့် အကြံပြုချက်များကို ဖော်ပြထားပါသည်။

(ခ) စီမံကိန်းဆိုင်ရာအခြေခံဖော်ပြချက်တွင် စီမံကိန်းတည်နေရာ၊ အကျယ်အဝန်း၊ စီမံကိန်းဆိုင်ရာ ဥပဒေများ နှင့် စီမံကိန်းကို ခြုံငုံဖော်ပြသည့် မြေပုံနှင့်နေရာချထားမှု ပုံစံများအား ဖော်ပြထားပါသည်။

(ဂ) ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များဖြစ်သည့် စီမံကိန်းဧရိယာအနီးရှိ မြေပေါ်မြေအောက်ရေ အရည်အသွေး ၊ အသံဆူညံမှု နှင့် တောင်ငူမြို့၏ မိုးလေဝသအခြေအနေ တို့ကို ဖော်ပြထားပါသည်။

၃။ Sein Hinn Hotel (Taungoo) စီမံကိန်းကြောင့် အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားပါသည်-

(က) ထိခိုက်ပျက်စီးလွယ်သော ဇရိယာများ၊ ယဉ်ကျေးမှု အမွေအနှစ်များရှိရာ နေရာများနှင့်၎င်းနေရာများအနီးတွင် ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည်မဟုတ်သဖြင့် ၎င်းတို့အပေါ်တွင် သိသာသော ထိခိုက်မှု မရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချိန်တွင် မြေနေရာ ရှင်းလင်းခြင်း ၊ မြေတူးဖော်ရေး နှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း ၊ စက်ပစ္စည်းကိရိယာများမှ စက်ဆီ / ချောဆီများ နှင့် လုပ်သားများ၏ စွန့်ပစ် ပစ္စည်းများကြောင့် ထိခိုက်မှုများ ရှိနိုင်မည်ဖြစ်ကြောင်း ။ တည်ဆောက်ရေး လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းနှင့် အမှိုက်များအား စနစ်တကျ စွန့်ပစ်မှု နှင့် တူးဖော်ပြီး မြေများအား စနစ်တကျ အသုံးပြုမှု မရှိခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ မူလတည်ရှိပြီး ရေသွယ်မှုစနစ်၊ လျှပ်စစ်ကြိုးသွယ် တန်းမှု၊ ရေစီးရေလာ စနစ်များအပေါ်ထိခိုက်နိုင်မှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ အသံဆူညံမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာမတော်တဆမှုများ ဖြစ်ပေါ် နိုင်ကြောင်း၊

(ခ) လုပ်ငန်းလည်ပတ်ချိန် ထိခိုက်နိုင်မှုများအနေဖြင့် ဧည့်သည်လာများ၊ ဟိုတယ်မီးဖိုဆောင်၊ လေအေးပေးစက်များ၊ ဟိုတယ်လုပ်ငန်းတွင် အသုံးပြုမည့် ဓာတုပစ္စည်းများ၊ သန့်ရှင်းရေးလုပ်ငန်းသုံး စက်ပစ္စည်းများမှ အခိုးအငွေ့ထုတ်လွှတ်မှုများကြောင့် လေထုအပေါ် သက်ရောက်နိုင်မှုများ၊ ဟိုတယ်လုပ်ငန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ရေ နှင့် မိလ္လာရေဆိုးများကြောင့် ညစ်ညမ်းမှု၊ အပူပေးစက်၊ လေအေးပေးစက်များ နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများမှ အသံဆူညံမှု၊ ဟိုတယ်လုပ်ငန်းမှ စွန့်ပစ်အမှိုက်များကြောင့် မြေထု ညစ်ညမ်းမှုများ ဖြစ်နိုင်ကြောင်း။

၄။ အဆိုပါထိခိုက်နိုင်မှုများအား လျော့နည်းစေရန် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်းခွင်မှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းနှင့်အမှိုက်များအား စနစ်တကျစုစည်း၍ စွန့်ပစ်မည့်နေရာသို့ ပို့ဆောင်ခြင်း၊ တူးဖော်ရေးလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်မြေများအား Landscape ပြုလုပ်ရာတွင် ပြန်လည်အသုံးပြုခြင်း၊ ပိုလျှံသောမြေများအား ရေထုအတွင်းစွန့်ပစ်မှုမပြုဘဲ မြေနိမ့်ရာနေရာများတွင် မြေဖို့ခြင်း ။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဖုန်အမှုန်များထွက်ရှိမှု လျော့နည်းစေရန် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်များအား အဖုံးအကာများဖုံးအုပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို အကာအရံများကာရံခြင်း၊ ရေဖြန်းခြင်း၊ ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းများကြောင့် မူလတည်ရှိပြီး ရေသွယ်မှုစနစ်၊ လျှပ်စစ်ကြိုးသွယ်တန်းမှု၊ ရေစီးရေလာစနစ်များ

အပေါ် ထိခိုက်နိုင်မှုများ လျော့နည်းစေရန် ဟိုတယ်ဒီဇိုင်းပုံစံအား စနစ်တကျ ရေးဆွဲဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး သယ်ယူပို့ဆောင်ရေး ယာဉ်များကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရန် သင့်တော်သောTraffic Management Plan ရေးဆွဲဆောင်ရွက်ခြင်း နှင့် အခြားယာဉ်အန္တရာယ် ကင်းရှင်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း ၊ စီမံကိန်းအနီးရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အဦများ၏ တုန်ခါမှုခံနိုင်ရည်ကို ခန့်မှန်းတွက်ချက်၍ ယာဉ်ကြီးများသုံးစွဲမှုကို ရှောင်ကြဉ်ခြင်း၊ လုပ်ငန်းတွင် ခေတ်မီစက်ပစ္စည်းများ သုံးစွဲခြင်း၊ နေ့အချိန်တွင်သာ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသံဆူညံမှုနှင့် တုန်ခါမှုဖြစ်စေသော လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြိုတင် အသိပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် Health and Safety Plan ရေးဆွဲဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ခ) လုပ်ငန်းလည်ပတ်ချိန် ထိခိုက်နိုင်မှုများ လျော့နည်းစေရန် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်လည်သုံးစွဲ၍ရသည့်ပစ္စည်းများအား ပြန်လည်သုံးစွဲမည့် အစီအစဉ်၊ ရေနှင့်စွမ်းအင်ချွေတာသုံးစွဲမည့် အစီအစဉ်များ၊ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်မှုလျော့နည်းစေမည့် ပစ္စည်းများကို သုံးစွဲမည် အစီအစဉ် များအား ဖော်ပြထားကြောင်း၊

(ဂ) စီမံကိန်း ဆောင်ရွက်မှုကြောင့် ပြန်လည်နေရာ ချထားမှုများ ဆောင်ရွက်ရန် မလိုအပ်သဖြင့် လူမှုရေးဆိုင်ရာထိခိုက်မှုများ မရှိကြောင်း နှင့် လူထုတွေ့ဆုံမှု မှတ်တမ်းများကို ဖော်ပြထားကြောင်း ၊ ကောင်းကျိုးသက်ရောက်မှု အနေဖြင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ကြောင်း၊

(ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်တွင် ထိခိုက်မှု လျော့နည်းစေရန် အကောင်အထည် ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စောင့်ကြည့်မည့် အကြိမ်အရေအတွက် တို့ကို ဖော်ပြထားပြီး ၎င်းအကောင်အထည်ဖော် မည့်အစီအစဉ်များအား စီမံကိန်း အဆိုပြုသူ နှင့် ကန်ထရိုက်တာမှ တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ဆိုင်ရာ ရန်ပုံငွေအဖြစ် နှစ်စဉ်စီမံကိန်းအမြတ်ငွေ၏ နှစ်ရာခိုင်နှုန်း (၂ %) အား သုံးစွဲမည်ဖြစ်ကြောင်း။

၅။ အကျဉ်းချုပ်အစီရင်ခံစာအား ဖော်ပြထားသော်လည်း ပြည့်စုံမှုမရှိခြင်း၊ အစီရင်ခံစာတွင် စီမံကိန်းအနီးရှိ လေအရည်အသွေးတိုင်းတာမှုကို ဆောင်ရွက်ထားမှုမရှိခြင်း၊ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းမှ သန့်စင်ပြီးရေဆိုးများအား နောက်ဆုံးစွန့်ပစ်မည့်နေရာအား ဖော်ပြထားမှုမရှိခြင်း၊ အဆိုပါ စွန့်ပစ်ရေများ စွန့်ပစ်ရာတွင် အသုံးပြုမည့် သတ်မှတ်စံချိန်စံညွှန်းအား ဖော်ပြထားမှု မရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ Sein Hinn Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ လမ်း၊ အမှတ်(၆၅)၊ မြေကွက်အမှတ်(၄၇) ၊ D/၈B ၊ မြေ (၁.၆၅၂) ဧကရှိ မြေနှင့်အဆောက်အဦ

နှင့် ပဲခူးတိုင်း ဒေသကြီး၊ တောင်ငူမြို့၊ ၁၉ ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၉-က)၊ ရုံးကြီးအကွက်၊ မြေကွက်အမှတ်(၄/၆)၊ မြေ(၀.၈၇၄) ဧကရှိမြေနှင့် RC (၂)ထပ် အဆောက်အဦ ကို B.O.T စနစ်ဖြင့်ငှားရမ်း၍ အခန်း(၂၀)ပါဝင်သော Sein Hinn Hotel (Taungoo) နှင့် အခန်း (၁၁၉) ခန်းပါဝင်သော Sein Hinn Hotel (Yangon) တို့အတွက် ရေးဆွဲထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination- IEE) အစီရင်ခံစာများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန် လိုအပ်ပါကြောင်း ပြန်ကြားအပ်ပါသည်-

(က) အကျဉ်းချုပ်အစီရင်ခံစာတွင် ပါဝင်ရမည့်အချက်များကို ပြည့်စုံစွာရေးသား ဖော်ပြရန်၊

(ခ) စီမံကိန်းဧရိယာအနီးရှိ လေအရည်အသွေးတိုင်းတာမှုကို ဖော်ပြရန်၊

(ဂ) စွန့်ပစ်ရေသန့်စင်ရာတွင် လိုက်နာအသုံးပြုမည့် သတ်မှတ်စံချိန်စံညွှန်းနှင့် သန့်စင်ပြီး ရေဆိုးများအား နောက်ဆုံးစွန့်ထုတ်မည့်နေရာကို ဖော်ပြရန်၊

(ဃ) IEE အစီရင်ခံစာနှင့် EMP တွင် ဖော်ပြထားသောအချက်များအား ကုမ္ပဏီမှ လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လိုက်နာမည် ဖြစ်ကြောင်း ကတိခံဝန်ချက်ကို IEE အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးညွန့် ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ -ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ သစ်တောဦးစီးဌာန

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၅ ခုနှစ် မတ်လ ၂၀ ရက်

အကြောင်းအရာ။ **ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီးသည့် Sein Hinn Co., Ltd. ၏ အဆိုပြုချက်အား လွှဲပြောင်းပေးပို့ရန်ကိစ္စ**

၁။ Sein Hinn Co., Ltd.သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ၊ (၁၉)ရပ်ကွက်၊ ဆရာစံလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ်(၄/၆)၊ မြေ(၀.၈၇၄)ဧကရှိ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေနှင့် အဆောက်အဦအား ငှားရမ်း၍ B.O.T စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမျိုးဆွေ(အဘ-ဦးကြင်ဝမ်) မှ ပြည်ထဲရေး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ခွင့်ပြုမိန့်အမှတ် မနသ-၁၀၄၀/၂၀၁၅ (၁၀-၃-၂၀၁၅)ဖြင့် လုပ်ငန်း ဆောင်ရွက်ခွင့်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ အဆိုပြုလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေး ဌာနခွဲအတွက် အဆိုပြုချက်(၁)စုံ၊ ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာ(၁)စုံ၊ MIC (memo) (၁)စုံတို့အား လွှဲပြောင်းပေးပို့ရန် တင်ပြအပ်ပါသည်။

[signature] 20/3/15
(အေးမွန်စိုး)
ဒုတိယဦးစီးမှူး

ဦးစီးအရာရှိ

၃။ ရင်းနှီးကြီးကြပ်ဌာနခွဲသို့ ခွင့်ပြုမိန့် ရရှိပြီးသော အဆိုပြုလွှာ၊ Memo၊ ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာ တို့အား ပေးပို့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

[signature] 20.3.15
([illegible])

ညွှန်ကြားရေးမှူး

၄။ [illegible]

[signature] [illegible]

[illegible]

၅။ [signature] [illegible]

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ် လ ၇ ရက်

အကြောင်းအရာ။ **Sein Hinn Co., Ltd.မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦအား BOT စနစ်ဖြင့် ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်အား ခွင့်ပြုမိန့် ထုတ်ပေးရန် တင်ပြခြင်းကိစ္စ**

၁။ Sein Hinn Co., Ltd. သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ် (၈/၆)၊ မြေ (၀.၈၇၄)ဧကရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦကို BOT စနစ်ဖြင့် ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၆၅)၊ မြေကွက်အမှတ်(၄၇)D/8B၊ မြေ (၁.၆၅၂) ဧကရှိ မြေနှင့်အဆောက်အဦကို BOT စနစ်ဖြင့် ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတို့အား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမျိုးဆွေ (အဘ-ဦးကြင်ဝမ်)မှ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုတင်ပြလာခြင်းအား ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပသော ကော်မရှင်၏ (၁၂/၂၀၁၄)ကြိမ်မြောက် အစည်းအဝေး၌တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းကို **"ခွင့်ပြုကြောင်း"** ဆုံးဖြတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းရှိ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား " **ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားရမ်းခနှုန်းထားကို ယခင်ကော်မရှင်က ခွင့်ပြုခဲ့သည့် နှုန်းထားများဖြင့် နှိုင်းယှဉ်၍ ပြန်လည် စိစစ်တင်ပြစေရန်**" ဟုဆုံးဖြတ်ခဲ့ပါသည်။

၂။ Sein Hinn Co., Ltd.သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင် ဆောင်ရွက်မည့် ဟိုတယ်စီမံကိန်းကို ခွင့်ပြုချက်ရရှိထားပြီး ဖြစ်သောကြောင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ခွင့်ပြုမိန့်အား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းရှိ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိပြီးမှသာ ခွင့်ပြုမိန့်များ ရယူလိုပါကြောင်း ကုမ္ပဏီမှ တင်ပြခဲ့ပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းပေါ်ရှိ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ကို ကော်မရှင်၏ (၃/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပြုမိန့်ထုတ်ပေးရန်ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းရှိ မြေ (၀.၈၇၄) ဧကရှိ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့်အား ခွင့်ပြုမိန့် ထုတ်ပေးရန်အတွက် **ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာတို့တွင် ဥက္ကဋ္ဌမှ** လက်မှတ်ရေးထိုးပေးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

(အောင်နိုင်ဦး)
အတွင်းရေးမှူး

ဥက္ကဋ္ဌ
၄။

Sein Hinn Bago Ns INV-3

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဧပြီ လ ၂၉ ရက်

အကြောင်းအရာ။ **Sein Hinn Co., Ltd. (စိန်ဟင်းကုမ္ပဏီလီမိတက်)သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦအား B.O.Tစနစ်ဖြင့် ငှားရမ်း၍ အဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်အား ခွင့်ပြုမိန့် ထုတ်ပေးရန် တင်ပြခြင်း ကိစ္စ**

၁။ Sein Hinn Co., Ltd.(စိန်ဟင်းကုမ္ပဏီလီမိတက်)သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ် (၄/၆)၊ မြေ (၀.၈၇၄)ဧကရှိ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦကို B.O.Tစနစ်ဖြင့် ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမျိုးဆွေ (အဘ-ဦးကြင်ဝမ်) မှ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၁၀-၄-၂၀၁၄ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၂/၂၀၁၄ကြိမ်မြောက် အစည်းအဝေး၌ တင်ပြခဲ့ရာခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၂။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၉)၊ ပုဒ်မ ၁၈(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Sein Hinn Co., Ltd.(စိန်ဟင်းကုမ္ပဏီလီမိတက်)မှ B.O.T စနစ်ဖြင့် ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ရန် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူသို့ ထုတ်ပေးမည့် **ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာ (မူကြမ်း)**တို့အား ပြုစုတင်ပြအပ်ပါသည်။

29/4/14

(အေးမွန်စိုး)
ဒု -ဦးစီးမှူး

လက်ထောက်ညွှန်ကြားရေးမှူး

၃။ [illegible]

[illegible]

[illegible]

၄။ Sein Hinn Co, Ltd [illegible]

Sein Hinn Co Ltd.Ns INV-2

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

[illegible]

29.4.14
(ဘိုင်ဆိုင်သန်း)

[illegible]

၁။ [illegible]

[illegible]

JE(1)
[illegible]

[illegible]

၄။

[illegible] DMT2 [illegible]
(2.5.14)

[illegible] DMT2 [illegible]
30.4.14

30/4/14

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

၇။ Sein Hinn Co., Ltd.(စိန်ဟင်းကုမ္ပဏီလီမိတက်)သည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပိုင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉-က) ရုံးကြီးအကွက်၊ မြေကွက်အမှတ် (၄/၆)၊ မြေ (၀.၈၇၄)ဧကရှိ မြေနှင့် အဆောက်အဦကို B.O.Tစနစ်ဖြင့် ငှားရမ်း၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမျိုးဆွေ (အဘ-ဦးကြင်ဝမ်) မှ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၂၀၁၄ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၂/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး၌ တင်ပြခဲ့ရာခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့သော်လည်း ခွင့်ပြုမိန့်ထုတ်ပေးခဲ့ခြင်းမရှိသေးပါ။

၈။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းပေါ်ရှိမြေတွင် ဆောင်ရွက်မည့် ဟိုတယ်လုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းအား ခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် ယခုအဆိုပြုနေရာတွင် ဆောင်ရွက်မည့် ဟိုတယ်လုပ်ငန်းအတွက် ထုတ်ပေးမည့်ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာ(မူကြမ်း)တို့အားပြုစုတင်ပြအပ်ပါသည်။

11/2/15
(အေးမွန်စိုး)
ဒုတိယဦးစီးမှူး

ဦးစီးအရာရှိ

၉။ Sein Hinn Co., Ltd. ၏ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ရှိ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ခွင့်အတွက် ထုတ်ပေးမည့် ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာ (မူကြမ်း)တို့အား တင်ပြအပ်ပါသည်။

11/2/15
(ဝင်းမိုးမိုးအောင်)

ဒု/ဦး - ညွှန်မှူး
၁၀။ —

ဦး - ညွှန်မှူး
၁၁။ ခွင့်ပြုပါရန်

ညွှန်ကြားရေးမှူး
၁၂။ Remark [illegible]

11/2 ([illegible])

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

၁၃။ ပြင်ဆင်ပြီး ပြန်လည်တင်ပြအပ်ပါသည်။

Myomar
18/2/15
(စောမွန်ဖိုး)

ဦးစီးအရာရှိ

၁၄။ [illegible]

[illegible]
18/2/15
([illegible])

ညွှန်ကြားရေးမှူး

၁၅။ [illegible]

[illegible]
([illegible])

ဒုတိယညွှန်ကြားရေးမှူးချုပ်

၁၆။ [illegible]

ညွှန်ကြားရေးမှူးချုပ်

၁၇။ [illegible] project [illegible] MIC [illegible]

[illegible] ၂၀၁၁ [illegible]

[illegible]/၁/၁၁

၁၈။ [illegible]

[illegible]
([illegible])

၁၉။ [illegible] N/S [illegible]

[illegible]

[illegible]
3.3.15
([illegible])

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၂၀၁၅ ခုနှစ်၊ဖေဖော်ဝါရီလ ၂၇ ရက်၊ ၉:၀၀ နာရီတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်၏ ၃/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း

အောက်ပါပုဂ္ဂိုလ်များ အစည်းအဝေးသို့ တက်ရောက်ကြပါသည် -

ဦးဇေယျာအောင် ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန	ဥက္ကဋ္ဌ
ဦးဌေးအောင် ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
ဒေါက်တာထွန်းရှင် ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
ဒေါ်လဲ့လဲ့သိန်း ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	အဖွဲ့ဝင်
ဒေါက်တာအောင်ထွန်းသက် စီးပွားရေးပညာရှင်	အဖွဲ့ဝင်
ဦးညွန့်တင် သံအမတ်ကြီး (အငြိမ်းစား)	အဖွဲ့ဝင်
ဦးဝင်းခိုင် ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း	အဖွဲ့ဝင်
ဒေါ်ခိုင်ခိုင်နွယ် စီးပွားရေးလုပ်ငန်းရှင်	အဖွဲ့ဝင်

(34)

၁၈။ **Sein Hinn Co., Ltd.၏ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းရှိ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း၏ မြေအသုံးချမှု ပရီမီယံကြေးများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်တင်ပြခြင်းကိစ္စ**

ကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရှင်းလင်းရာတွင် Sein Hinn Co., Ltd. သည် ဗဟန်းမြို့နယ်၊ ဆရာစံလမ်းရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦအား B.O.T စနစ်ဖြင့် ငှားရမ်းပြီး ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျင်းပသော ကော်မရှင်၏ (၂၆/၂၀၁၄) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြဆွေးနွေးခဲ့ရာ **"မြေငှားရမ်းခ နှုန်းထားများအား လက်ခံပါကြောင်း၊ မြေအသုံးချမှု ပရီမီယံကြေးကို တည်ဆောက်ရေးကာလအတွင်း သို့မဟုတ် ကာလတိုသတ်မှတ်၍ အရစ်ကျပေးသွင်းနိုင်ရေး ဆောင်ရွက်ရန်"** ဆုံးဖြတ်ခဲ့ကြောင်း၊ မြေအသုံးချမှုပရီမီယံပမာဏ အမေရိကန်ဒေါ်လာ၂.၀၆၅သန်း အား စာချုပ်လက်မှတ် ရေးထိုးပြီး ၆လ အတွင်း တကြိမ်၊ စာချုပ်လက်မှတ်ရေးထိုးပြီး ၁၈လ အတွင်း တကြိမ်၊ စာချုပ် လက်မှတ်ရေးထိုးပြီး ၂၄လ အတွင်း တကြိမ်နှင့် စာချုပ်လက်မှတ်ရေးထိုးပြီး ၃၆ လ အတွင်း တကြိမ် ခွဲ၍ ပေးသွင်းလိုခြင်းအား သဘောတူပါက ခွင့်ပြုမိန့်ထုတ်ပေးရန် ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် တောင်ငူမြို့တွင် နောက်ထပ် လုပ်ငန်း တစ်ခုရှိကြောင်း၊ ယခုပါမစ်ထုတ်ပေးပြီးမှသာ တောင်ငူမှ ပါမစ်အား ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

ကော်မရှင်ဥက္ကဋ္ဌမှ အဆိုပါကိစ္စသည် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ ရောက်ပြီးမှ ထူးထူးခြားခြားပေးသည့် လုပ်ငန်းဖြစ်ကြောင်း၊ ယခင်အချိန်က မူအားဖြင့် ခွင့်ပြုထားသည်ကို မြေငှားခအရမ်းနည်းသည်ပြော၍ ထပ်တိုးထားခြင်းဖြစ်ကြောင်း ဆွေးနွေး ပြောကြားပါသည်။

ကော်မရှင်အစည်းအဝေးမှ Sein Hinn Co., Ltd.၏ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းရှိ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း၏ မြေအသုံးချမှု ပရီမီယံကြေးများနှင့် စပ်လျဉ်း၍ ပြည်ထဲရေး ဝန်ကြီးဌာနမှတစ်ဆင့် ပြန်လည်တင်ပြခြင်းအား ဆောင်ရွက်ခွင့်ပြုရန်နှင့် ခွင့်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ပါသည်။

၁၉။ **မြန်မာ့မီးရထားပိုင် မြေအား** Meeyahta International Hotel Ltd.(MIHL) **မှ BOTစနစ်ဖြင့် ငှားရမ်း၍ ကြယ်ငါးပွင့်ဟိုတယ်လုပ်ငန်းဆောင်ရွက်နေခြင်းအား မြေပြင် ကွင်းဆင်း စစ်ဆေးချက် အစီရင်ခံစာတင်ပြခြင်း**

ကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရှင်းလင်းရာတွင် မြန်မာ့မီးရထားပိုင်မြေအား Meeyahta International Hotel Ltd. (MIHL) မှ BOT စနစ်ဖြင့် ငှားရမ်း၍ ကြယ်ငါးပွင့် ဟိုတယ် လုပ်ငန်းဆောင်ရွက်နေခြင်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

M_329
၃၃/၄

P,1007
၃၃/၄

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဧပြီ လ ၁၁ ရက်

အကြောင်းအရာ။ **Sein Hinn Co., Ltd.(စိန်ဟင်းကုမ္ပဏီလီမိတက်)သည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦအား B.O.Tစနစ်ဖြင့် ငှားရမ်း၍ အဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်းအား ဥပဒေရှုဒေါင့်မှ စိစစ်သုံးသပ်ပေးပါရန် တင်ပြခြင်း ကိစ္စ**

